ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၈၈)
၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၁ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်

၁။ ဤဥပဒေကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

အခန်း (၂)
ဖွဲ့စည်းခြင်း

၂။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက် အမှတ် ၁/၈၈ အပိုဒ် ၂ တွင် ရည်ညွှန်းထားသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဆက်လက်တာဝန်ပေးအပ်သည်။

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် အဖွဲ့ဝင်ဦးရေတိုးခြင်း၊ လစ်လပ်သည့်နေရာတွင် အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အခန်း (၃)
တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊
(ခ) လိုအပ်သော ဥပဒေများကို ရေးဆွဲ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းပေးရေးအတွက် တင်ပြခြင်း၊
(ဂ) လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ရေးဆွဲ၍ ထုတ်ပြန်ခြင်း၊
(ဃ) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့များကို ဖွဲ့စည်းခြင်း၊
(င) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သောရုံးဝန်ထမ်းများ ခန့်အပ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို စီမံခန့်ခွဲခြင်း၊ စီမံခန့်ခွဲစေခြင်း၊

(စ) လွှတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လိုအပ်သည့်အစီအစဉ်များ ပြုလုပ်ခြင်း၊ လိုအပ်သည်များကို ဆောင်ရွက်ခြင်း၊ လိုအပ်သည့်အကူအညီများကို တောင်းခံရယူခြင်း။

အခန်း (၄)
အထွေထွေ

၅။ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲကျင်းပရေးအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ကုန်ကျခံရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေ (၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် –၅) ကို ဤဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။